# ဓာတ်ပုံနဲ့ video များကို အရည်အသွေးပြည့်စွာ ရိုက်ယူပေးနိုင်တဲ့ SnAgit11




Snagit ရဲ့ built-in sharing tool ဟာ ကိုယ်ရဲ့ video တွေကို ဘယ် site ကိုမဆို click အနည်းငယ်နှိပ်ရုံနဲ့ upload ပြုလုပ်နိုင်စေပါတယ်

Version 11 မှာ Snagit ဟာ video capture နဲ့ output tool တို့ ထပ်ထည့်ထားပါတယ်။ ရလဒ်ကတော့ ပုံရိပ်တွေ ဒါမှမဟုတ် animation တွေကို ရိုက်ကူးဖို့လိုအပ်သူတိုင်းဟာ ဒီ program ကို အသုံးပြုချင်ပါလိမ့်မယ်။

Hotkey combination နှိပ်ပြီး၊ ဒါမှမဟုတ် system tray ထဲရှိ Snagit ဆိုတဲ့ icon ပေါ်တွင် right-click နှိပ်ပြီး capture video ရွေးပါ။ အဲဒီနောက် ဧရိယာတစ်ခု (ဒါမှမဟုတ် screen တစ်ခုလုံး) ရွေးချယ်ပြီး recording စတင်နိုင်ပါတယ်။ ပြီးသွားတဲ့အခါ capture ပြုလုပ်ထားတဲ့ video ကို YouTube ၊ ဒါမှမဟုတ် built-in FTP tool ကတဆင့် ကြိုက်ရာ site ဆီကို upload ပြုလုပ်နိုင်ပါတယ်။

ပြီးခဲ့တဲ့ Snagit version မှာလိုမျိုး specific region ၊ full screen ၊ scrolling window ၊ menu နဲ့ webpage တစ်ခုလုံး စတာတွေကို capture ပြုလုပ်နိုင်ပါတယ်။ ဒီမှာရွေးချယ်နိုင်တာအနေနဲ့ capture timer ၊ cursors လုပ်ဆောင်နိုင်စွမ်းနဲ့ editing tool များစွာ ပါရှိပါတယ်။

အသုံးပြုနေချိန်အတွင်း ဘယ်လိုမျိုး capture ရယူချင်တယ် ဆိုတာ ဆုံးဖြတ်ဖို့မလိုခတဲ့ "All-in-one capture" ဟာ အချိန်ကုန်သက်သာတဲ့အတွက် ကြိုက်နှစ်သက်စရာပါ။ နောက်ထပ်ကြိုက်နှစ်သက်စရာ ဖြစ်တဲ့ Snagit ရဲ့ "transparency" လုပ်ဆောင်ချက်ဟာ graphic တွေကို သူတို့ background အရောင်တွေမပါဘဲ capture လုပ်နိုင်စေတာပဲ ဖြစ်ပါတယ်။ ■

# လုပ်ကာစွမ်းအားပြည့်ပေမယ့် မပြည့်စုံသေးတဲ့ HP Z1



ဒီ HP Z1 Workstation ဟာ ၅၆၇၃ ဒေါ်လာ ဈေးနှုန်းရှိပြီး တွေ့ဖူးသမျှတွေထဲမှာ စွဲဆောင်မှုအရှိဆုံး၊ စွမ်းအားအရှိဆုံးနဲ့ All-in-one PC တွေထဲမှာ ဈေးအကြီးဆုံးလည်းဖြစ်ပါတယ်။ ဒီ model မှာ Intel Xeon E3-1280 CPU ၊ 16GB RAM ၊ Nvidia Quadro 4000M graphic card နဲ့ bluray disc writer ပါ ရှိပြီး Windows 7 professional 64-bit သုံးထားပါတယ်။ Worldbench 7 ရလဒ်ရမှတ် ၁၅၉ မှတ် ရရှိထားတဲ့ ဒီ Z1 ဟာ စမ်းသပ်ခဲ့သမျှ အမြန်ဆုံးတွေထဲမှာလည်း အထင်ကြီးစရာတစ်ခုဖြစ်ပါတယ်။

သူမှာ ၂၇ လက်မအရွယ် LCD In-Plane Switching screen ဟာ native resolution အနေနဲ့ 2560 by 1440 pixels ရှိပါတယ်။ အလွန်တောက်ပပြီး ထိရောက်တဲ့ constrast ၊ ပြတ်သားထင်ရှားတဲ့ ပုံရိပ်တွေနဲ့ စာသားတွေ ၊ အလွန်ကောင်းတဲ့ viewing angle ပါရှိပါတယ်။

စိတ်မကောင်းစရာကတော့ touchscreen မဟုတ်တာပဲဖြစ်ပါတယ်။ Port တွေဟာ ရယူနိုင်ဖို့ ခက်ခဲပြီး stand ရဲ့ တည်နေရာကလည်း သိပ်မကောင်း ပါဘူး ဒါပေမဲ့လည်း ဒီ PC ဟာ All-in-One တစ်လုံးအတွက်ဆိုရင် စွမ်းဆောင်ဆွဲဆောင်နိုင်မှု ရှိဆဲဖြစ်ပါတယ်။ ■

# မရှိမဖြစ် Repair-Kit တစ်ခုဖြစ်တဲ့ malware finder : Hijackthis




ရိုးရှင်းတဲ့ အလှမစိုက်တဲ့ သုံးရလွယ်ကူတဲ့ Hijackthis interface ဟာ လိုအပ်တာအား လုံးရှိနေမှာပါ။

Hijackthis ဟာ malware တွေ ရှာတွေ့ဖို့နဲ့ system junk တွေဖယ်ရှားပစ်ဖို့အတွက် အသုံးဝင်လှတဲ့ tool တစ်ခု အမြဲတမ်းဖြစ်နေပါတယ်။ ယခုအချိန်မှာတော့ Trend micro ဟာ version 2.0.4 နောက်ပိုင်းမှာ open source software အဖြစ် ပြုလုပ်ထားပါတယ်။

Hijackthis ဟာ သေးငယ်ပြီး portable software ဖြစ်ပြီး Windows installation ထဲမှာ scan ပြုလုပ်ပေးပါတယ်။ တကယ်လို့သာ ကိုယ်ဟာ Windows ထဲမှာ၊ program installation ထဲမှာ ဘာတွေရှိတယ် ဒါမှမဟုတ် malware နဲ့ registry အမှိုက် တွေဟာ ဘယ်လိုမျိုးဆိုတာ အခြေခံနားလည်သဘောပေါက်မှု မရှိခဲ့ရင် ကိုယ်ရဲ့ click နှိပ်တဲ့ လက်ချောင်းကို Fix This ခလုတ်ကနေ ဝေးဝေးမှာထားရပါမယ်။ Hijackthis ဟာ repair kit အဖြစ်သက်တမ်းကလည်း နှစ်အနည်းငယ်ရှိနေပါပြီ။ သူက အမြဲတမ်းလည်း အသုံးဝင်နေဆဲဖြစ်ပြီး ဂရုတစိုက်တော့ အသုံးပြုဖို့ လိုအပ်ပါလိမ့်မယ်။ ■